ကလေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (ကလ တကသ)

Kalay University Students' Union (KUSU)

# ၇၅ နှစ်မြောက် စိန်ရတု ချင်းပြည်နယ်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၁။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်သည် (၇၅)နှစ်မြောက် စိန်ရတု ချင်းပြည်နယ်အမျိုးသားနေ့ ပင်ဖြစ်ပါသည်။ ချင်းပြည်တော်ဘွားများနှင့် ချင်းပြည်သူလူထု ကိုယ်စားလှယ်များပါဝင်သည့် ချင်းဖက်ဒရယ်ကောင်စီကို ချင်းပြည်သူလူထု၏ ထောက်ခံမှုနှင့်အတူ စတင်ဖွဲ့စည်းခဲ့ပြီး အင်္ဂလိပ်ဘုရင်ခံ အုပ်ချုပ်ရေးစနစ်နှင့် ချင်းစော်ဘွားများ၏ ပဒေသရာဇ်စနစ်တို့ ဆုံးခန်းတိုင်၍ ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ စတင်ခြေလှမ်းနိုင်ခဲ့သည့် ဤချင်းပြည်အမျိုးသားနေ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုဂုဏ်ပြုပါသည်။

၂။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် ချင်းပြည်နယ်သည် အစဉ်အလာ ကြီးမားခဲ့သည်။ ပင်လုံကတိကဝတ်များ မြစ်ဖျားခံရာ၊ ပင်လုံစိတ်ဓာတ် ပေါက်ဖွားရာ ဒေသတစ်ရပ်ဖြစ်ပေသည်။ ချင်းပြည်နယ်တွင် သန္ဓေတည်ခဲ့သော ပင်လုံကတိကဝတ်များကို အခြေပြုသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်ရာတွင် ချင်းပြည်သူလူနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

၃။ ချင်းလူမျိုးများသည် ခေတ်အဆက်ဆက် စစ်အာဏာရှင်များ၏ ဆယ်စုနှစ်အကြာ လူမျိုးကြီးဝါဒဖြင့် ခွဲခြား အုပ်ချုပ်မှုများကို ခံခဲ့ရသဖြင့် အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးမှုများအတွက် ထပ်တူဝမ်းနည်းပူဆွေးစံစားရကြောင်း ဖော်ပြလိုပါသည်။ တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်အတွက် မပြီးပြတ်သေးသော လူမျိုးကြီးဝါဒ ခွဲခြားအုပ်ချုပ်မှုများကို အမြစ် ပြတ်အောင်တွန်းလှန်နိုင်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းရမည်ဖြစ်ပါသည်။

၄။ ယနေ့အချိန်တွင် တိုင်းရင်းသားလူမျိုးများအားလုံးသည် ပင်လုံစာချုပ်ပါကတိကဝတ်များနှင့် သဘောတူညီချက်များဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အပြည့်အဝ အာမခံသည့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် ဘုံရန်သူဖြစ်သည့် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်အောင် အတူတကွလက်တွဲ၍ တွန်းလှန်ကြရန် လိုအပ်ပေသည်။

၅။ ချင်းလူမျိုးများသည် လွတ်လပ်မှုနှင့် တရားမျှတမှုကို မြတ်နိုးသောလူမျိုးဖြစ်သည့် အားလျော်စွာ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အစဉ်အလာကြီးမားသကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် အစဉ်အလာကြီးမားနိုင်ပါစေကြောင်း။ ချင်းလူမျိုးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး လိုလားတောင့်တသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြီး အမြန်ဆုံးပေါ်ပေါက်လာစေကြောင်းနှင့် အိုးစည်သံများညံသည့် ချင်းပြည်ကြီး ငြိမ်းချမ်းစွာ အခွန့်ရှည်ပါစေကြောင်းဆန္ဒပြုရင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ (၇) ရက်နေ့တွင်ကျရောက်သည့် ၇၅ နှစ်မြောက် စိန်ရတုချင်းပြည်နယ်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ဤသဝဏ်လွှာကို ပေးပို့လိုက် သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ကလ.တ.က.သ)